# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 19 , 2023 Volume 62, Number 13


၁၉.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၉ US$ |
| မြန်မာ့ရွှေဈေး | = ၂၇၉၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၉.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၉.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၇.၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၅၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်း နှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၃ ရက်နေ့အတွင်း ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ နှမ်းနက်၊ နှမ်းဖြူ၊ ကြံ၊ ဆန်၊ ပဲနီကြား၊ ပဲယင်း၊ ဝါး၊ Aluminium Ingot ၊ ငရုတ်သီး၊ ရွှေဖယုံသီးနှင့်ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၅၂၄၁၃၆၄ ဒသမ ၈၉ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏမှာ ၄၅၃၅၉၇၅ ဒသမ ၁၇ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၇၀၅၃၈၉ ဒသမ ၇၂ ကန်ဒေါ်လာ တန်ဖိုးပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၃ ရက်နေ့အတွင်း ဆေးဝါးပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ လယ်ထွန်စက်များ၊ ဓါတ်မြေဩဇာများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတု၊ Empty Cargo Container 45’ Feet နှင့် ဂေါ်ပြားများတင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏမှာ ၆၃၁၁၆၉ ကန်ဒေါ်လာတင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၄၉၂၈၀၆ ဒသမ ၂ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၁၃၈၃၆၂ ဒသမ ၈၀ ကန်ဒေါ်လာတန်ဖိုးပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၄၆၁၀၁၉၅ ဒသမ ၈၉ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၁၀ ဒသမ ၅၆ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မုံရွာမြို့တွင်အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပြောင်းနီဈေးငြိမ်၍ မတ်ပဲ၊ ပြောင်းဖူးစေ့cp၊ ဆန်ပြောင်းဖြူ ပဲစင်းငုံ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး ဈေးနှုန်းများဆက်လက်မြင့်တက်နေပြီး ကုလားပဲဈေးနှုန်းအနည်းငယ်ကျဆင်းသွားသည်။ ယခုတစ်ပတ်တွင် ပဲစင်းငုံ ၊ မတ်ပဲနှင့် ပဲတီစိမ်း (ကြီး)၊ ပဲတီစိမ်း(သေး) သီးနှံတစ်တင်းပေါက် ဈေးနှုန်းများမှာ ပဲစင်းငုံ (၅၅၇၀၀)ကျပ်၊ မတ်ပဲ (၅၄၀၀၀-၅၅၀၀၀)ကျပ်၊ ပဲတီစိမ်း(ကြီး) (၄၇၀၀၀)ကျပ်နှင့် ပဲတီစိမ်း(သေး) (၃၇၈၀၀)ကျပ်ပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပဲစင်းငုံ တစ်တင်းလျှင် (၅၄၅၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၂၅၀၀-၅၃၅၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၄၆၅၀၀)ကျပ်၊ ပဲတီစိမ်း(သေး) (၃၆၅၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခင် တစ်ပတ်ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ပဲစင်း ငုံ တစ်တင်း လျှင် (၁၂၀၀)ကျပ်၊မတ်ပဲ တစ်တင်းလျှင် (၁၅၀၀)ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် (၅၀၀)ကျပ်၊ ပဲတီစိမ်း (သေး) တစ်တင်းလျှင် (၁၃၀၀)ကျပ်ဈေး နှုန်းမြင့်တက်နေကြောင်းသိရပါသည်။

ကုလားပဲ (မျိုးစုံ)တွင် ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၀၀၀၀)ကျပ်၊ ကုလားပဲ ဖြူလုံး(သစ်) သေး (၆၀၀၀၀) ကျပ်၊ 929(သစ်) (၅၇၀၀၀)ကျပ်ပေါက်ဈေးရှိပြီး၊ ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၂၀၀၀)ကျပ်၊ ကုလားပဲဖြူ လုံး သေး (သစ်) (၆၂၀၀၀) ကျပ်၊ 929(သစ်) (၅၉၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခင်ပတ်နှင့်နှိုင်းယှဉ်ပါက 929၊ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲဖြူလုံးသေး ဈေးနှုန်းများ တစ်တင်းလျှင် (၂၀၀၀)ကျပ်ကျဆင်းသွားကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပြောင်းနီ တစ်တင်းလျှင် (၂၁၅၀၀)ကျပ်၊ ပြောင်းဖူး စေ့cp တစ်တင်းလျှင် (၂၁၉၀၀) ကျပ်၊ ဆန်ပြောင်းဖြူ တစ်တင်းလျှင် (၂၂၅၀၀)ကျပ် ပေါက်ဈေး ရှိသည်။ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၂၀၅၀၀)ကျပ်၊ ပြောင်းနီတစ်တင်းလျှင် (၂၁၅၀၀)ကျပ်၊ဆန်ပြောင်းဖြူ တစ်တင်းလျှင် (၂၁၅၀၀)ကျပ်ရှိ၍ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ပြောင်းနီဈေးငြိမ်နေပြီး၊ ပြောင်းဖူးစေ့ cp နှင့် ဆန်ပြောင်းဖြူဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း သိရပါသည်။

Source: **ဧယျာကုန်သွယ်မှုဗဟိုဌာန**

## ဘင်္ဂလားဒေ့ရှ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကမ္ဘာ့ချန်ပီယံဖြစ်လာကြောင်း ကမ္ဘာ့ဘဏ်ကပြောကြားခဲ့

ကမ္ဘာ့ဘဏ်၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ဘူတန်နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သော Mr.AbdoulayeSeck သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုချီးကျူးခဲ့ပြီး စီးပွားရေးတွင် ဘက်ပေါင်းစုံမှ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ကမ္ဘာ့ချန်ပီယံအဖြစ်သတ်မှတ်သင့်ကြောင်း အင်္ဂါနေ့တွင်ပြောကြားခဲ့သည်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံထုတ် Dhaka Tribune သတင်းတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် GDP တိုးတက်မှုရရှိလာစေရေး၊ ဆင်းရဲမွဲတေမှု နှုန်းလျှော့ချရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုမြှင့်တင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေဖြစ်စေရေး စသည်တို့တွင် ကြိုးစားဆောင်ရွက်ထားသည်ကိုတွေ့ရှိရပါကြောင်း ၎င်းကပြောကြားခဲ့သည်။ ၎င်း၏အတွင်းရေးမှူးရုံးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီး Mr. AHM Mustafa Kamal နှင့် တွေ့ဆုံစဉ် ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ယခုနှစ်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးစွမ်းရည်သည် အာရှရှိအခြားနိုင်ငံများနှင့်ယှဉ်လျှင် ပိုမိုကောင်းမွန် သည်ဟု Seck က ယူဆပါကြောင်းပြောကြားရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်သည် အရေးပါသောမိတ်ဖက်များထဲမှတစ်ခုဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘင်္ဂလားဒေ့ရှ်တွင် မြစ်ကြောင်းနှင့်မြစ်ကြောင်းအခြေခံစီးပွားရေးအစရှိသည့် အရေးကြီးသောကဏ္ဍများတွင် များစွာလုပ်ဆောင်ခဲ့ပါကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးကပြောကြားခဲ့သည်။

ဆက်လက်၍ Kamal က ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အရေးကြီးပရောဂျက်အချို့ကိုဆောင်ရွက်ပေးရန် ကမ္ဘာ့ဘဏ်၏ ဒါရိုက်တာအား တောင်းဆိုခဲ့ပြီးမြို့တော်အနှံ့ မြစ်ကြောင်းများသွားလာနိုင်မှုရှိစေရန်နှင့် မြို့တော်၏သာယာလှပရေး

မြင့်တင်ရေးအတွက် "Beautification of Dhaka" ပရောဂျက်အတွက် ရန်ပုံငွေဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြပါကြောင်း ရေးသားဖော်ပြထားသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-international-trade-update-news-border-area-trade-3

## တရုတ်နှစ်သစ်ကူးအကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနှင့်မြေပဲလုံးဆန်များ ဈေးကောင်းရရှိနေ

တရုတ်နှစ်သစ်ကူးအကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနှင့်မြေပဲလုံးဆန်များ ဈေးနှုန်းမြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှသိရသည်။

အဆိုပါဆီထွက်သီးနှံများသည် တရုတ်နှစ်သစ်ကူးအကြိုကာလ၌ ဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းနေကြောင်း၊ ပြီးခဲ့သည့်နှစ်က မြေပဲလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၊ စမုန်နက်နှမ်းသုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၁၈၅၀၀၀ ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၆၈၀၀ ဈေးနှုန်းနှင့် စမုန်နက်နှမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကောင်းများရရှိကာ အရောင်းအဝယ်များဖြစ်နေကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

"ဒီနှစ်မှာ တရုတ်မြန်မာကုန်သွယ်ရေး နယ်စပ်ဂိတ်ဖွင့်တဲ့အချိန်နဲ့ တရုတ်နှစ်သစ်ကူး အကြိုကာလနဲ့ တိုက်ဆိုင်တဲ့နှစ်ဖြစ်ပါတယ်။ ကိုဗစ်ကာလကြောင့် ဂိတ်ကိုသုံးနှစ်လောက်ပိတ်ထားခဲ့ပြီး ခုချိန်မှာပြန်ဖွင့်ပါပြီ။ နှစ်ကူးနေတဲ့အချိန်မှာ ပိတ်ရက်တွေရှိနေတာကြောင့် ခုချိန်ကစပြီး ကြိုတင်ဝယ်ယူမှုတွေ များပြားလာတာကိုတွေ့ရှိရတယ်။ ခုချိန်မှာ မနှစ်ကနဲ့ နှိုင်းယှဉ်ရင် အရောင်းအဝယ်တွေမှာ ဆီထွက်သီးနှံပိုမိုပြီးတော့ ဝယ်ယူမှုတွေများပြားလာတာကို တွေ့ရှိရပါတယ်။ ဒီနှစ်တရုတ်နှစ်သစ်ကူးနှစ်ဟာဆိုရင် တရုတ်ပြက္ခဒိန်နှစ်အရ ယုန်နှစ်ဖြစ်တာကြောင့် အရောင်းအဝယ်တွေ ပိုမိုကောင်းမွန်လာမယ်လို့ ကုန်သည်တွေကခန့်မှန်းကြပါတယ်။ အခြား ဆီထွက်သီးနှံများဖြစ်တဲ့ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်းစေ့၊ ပဲပုပ်စေ့တွေကလည်း အရောင်းအဝယ်တွေကောင်းနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးဈေးကွက်၌ ယခုရက်ပိုင်းအတွင်း တရုတ်ပြည်ပို့ကုန်များဖြစ်သော ပြောင်းဖူးစေ့ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၊ ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ ပဲလွန်းအနီ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ပဲလွန်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ နှင့် မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35629

## ပွင့်လင်းရာသီတွင် မြန်မာ့လက်မှုထည် မြေအိုးနှင့်သဲအိုးများ ရောင်းအားကောင်းမွန်လာ



https://www.myawady.net.mm/node/35598

ပွင့်လင်းရာသီတွင် မြန်မာ့လက်မှုထည် မြေအိုးနှင့်သဲအိုးများ ရောင်းအားကောင်းမွန်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှ မြေအိုးသဲအိုးရောင်းချသူများ၏ ပြောပြချက်အရ သိရသည်။

"လက်ရှိ ရောင်းအားကောင်းနေပါတယ်။ မိုးရာသီတုန်းကတော့ မရောင်းရဘူး။ သီတင်းကျွတ်ကာလလောက်ကတည်းက ရောင်းအားကောင်းလာပါတယ်"ဟု မြေအိုးသဲအိုး ရောင်းချသူတစ်ဦးကပြောသည်။

လက်ရှိတွင် မြေအိုးနှင့်သဲအိုးများကို တစ်နိုင်တစ်ပိုင် လှည့်လည်ရောင်းချသူတစ်ဦးလျှင် တစ်ရက် သဲအိုးအလုံးရေ ၂၀ ခန့်နှင့် မြေအိုး ၁၀ လုံးခန့် နေ့စဉ်ရောင်းချရကြောင်း သိရသည်။

မြေသောက်ရေအိုးတစ်လုံးလျှင် ငွေကျပ် ၃၀၀၀ ရှိပြီး သဲသောက်ရေအိုးတစ်လုံးလျှင် ငွေကျပ် ၆၀၀၀ ရှိကြောင်း၊ လက်မှုထည် မြေအိုးနှင့်သဲအိုးများကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ကျေးရွာတချို့၌ ထုတ်လုပ်ရောင်းချသည့်

အပြင် တွံတေးမြို့နယ်၌လည်း အိုးလုပ်ငန်းများလုပ်ကိုင်လျက်ရှိပြီး ယင်းအိုးလုပ်ငန်းများမှ မြေအိုးနှင့်သဲအိုး အရွယ်အစား မျိုးစုံထုတ်လုပ်ကာ ရန်ကုန်မြို့အပြင် တခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ တင်ပို့ရောင်းချလျက် ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/35598

## ပြောင်းဈေးများ ပြန်လည်မြင့်တက်နေ




ပြောင်းဈေး ပြန်လည်မြင့်တက်လာပြီး ထပ်မံမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ပြောင်းလုပ်ငန်းရှင်များနှင့် ပြောင်းတောင်သူများထံမှ သိရသည်။

ငွေလဲလှယ်နှုန်းအပြင် ပြည်ပလိုအပ်ချက်ကြောင့် တင်ပို့မှုများရှိနေသည့်အတွက် ပြောင်းဈေးပြန်ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ပြောင်းတစ်ပိဿာလျှင် ယခင်က ၁၀၀၀ ဝန်းကျင်သာရှိခဲ့ပြီး လက်ရှိမှာတော့ တစ်ပိဿာလျှင် ၁၂၀၀ ဝန်းကျင်ထိ ဈေးမြင့်တက်လာကြောင်း သိရသည်။ ဒေသအလိုက် ဈေးနှုန်းအပြောင်းအလဲ အတက်အကျများရှိနေကြောင်း ပြောင်းလုပ်ငန်းရှင်များဆိုသည်။ "လက်ရှိ ပြောင်းရဲ့ရန်ကုန်ပေါက်ဈေးက ၁၂၀၀ ထိရှိနေတယ်။ ဈေးတွေက တစ်နေ့နဲ့တစ်နေ့ အပြောင်းလဲရှိနိုင်တယ်၊ အတည်တကျမရှိဘူး " ဟုမြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဂုဏ်ထူးဆောင်နာယက ဦးမင်းခိုင်ထံမှသိရသည်။ normal trade အနေဖြင့် အိန္ဒိယ၊ ဖိလစ်ပိုင်နှင့်ဗီယက်နမ်ဘက်သို့ တင်ပို့နေကြောင်းသိရသည်။

လက်ရှိ FOB ဈေးနှုန်း ပြောင်းတစ်တန်လျှင်၂၀၂၂ခုနှစ် အောက်တိုဘာလက ၂၈၀ မှ ၃၀၀ ဒေါ်လာကြား ပေါက်ဈေးအထိရှိပြီး လက်ရှိဒေါ်လာ ၃၂၀ အထိရှိကြောင်းသိရသည်။ "အခုက နယ်စပ်ဂိတ်တွေ တော်တော်များများ ပြန်ဖွင့်နေပြီဆိုတော့ ပြည်တွင်းလိုအပ်ချက်တွေထည့်တွက်ရင် ပြောင်းဈေးကျဖို့ဆိုတာ လုံးဝမရှိနိုင်ဘူးလို့ထင်မြင်တယ်၊ ၁၅၀၀ ထိ ဈေးဖြစ်ဖို့များတယ် " ဟု ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နိုင်ငံရေး အခြေအနေများကြောင့် တချို့ဒေသများတွင် စိုက်ပျိုး၍မရ ခြင်း ၊ စိုက်ပျိုးထားသော်လည်း မပြုစု၊ မပျိုးထောင်နိုင်ခြင်းတို့ကြောင့် စုစုပေါင်းထုတ်လုပ်မှု ပမာဏလျော့ကျခဲ့ပြီး ဆောင်းပြောင်းစိုက်ပျိုးရန်အတွက်လည်း ဒေါ်လာဈေးမြင့်တက်နေခြင်းကြောင့် မြေဩဇာအပါအဝင် သွင်းအားစုဈေးများ မြင့်တက်နေ၍ အစားထိုးသီးနှံများ ပြောင်းစိုက်မှုများရှိကာ ပြောင်းအထွက်နှုန်းကျဆင်းနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

တချို့မှာ ပြည်ပနိုင်ငံများမှ ပြောင်းအထွက်နည်းနေပြီး လိုအပ်ချက်များရှိနေဦးမည်ဖြစ်၍ ပြောင်းဈေးကွက်အနေဖြင့် ပိုမိုကောင်းလာကာ တစ်ပိဿာလျှင် ၁၅၀၀ ၊ ၂၀၀၀ ဈေးအထိ ဖြစ်လာနိုင်ကြောင်းလည်း တချို့ကသုံးသပ်ကြသည်။ သို့သော် တချို့နယ်ဒေသများ တွင် တစ်ပိဿာလျှင် ၁၀၅၀ ဝန်းကျင်လောက်သာရပြီး ဈေးမရကြောင်းသိရသည်။

နှစ်စဉ် ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းတန်ချိန် နှစ် ဒသမ သုံးသန်းနှင့် နှစ် ဒသမ ခြောက်သန်းကြားတွင် ထွက်ရှိလျက်ရှိပြီး ယခုနှစ်တွင် အထွက်နှုန်းလျော့ကျနေခြင်းဖြစ်ကြောင်းသိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## ပြည်တွင်းစက်သုံးဆီဈေး တစ်လီတာ ၂၂၀၀ ကျပ်ကျော်ထိ မြင့်တက်

ယနေ့(ဇန်နဝါရီ ၁၉ ရက်) ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ တစ်လီတာလျှင် ၂၂၃၀ ကျပ်အထိ ထပ်မံမြင့်တက်လာကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရသိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၉ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဈေးနှုန်းမှာ တစ်လီတာလျှင် ၁၉၅၀ ကျပ်သာရှိခဲ့သော်လည်း ယနေ့တွင် စက်သုံးဆီဈေးနှုန်းမှာ တစ်လီတာလျှင် ၂၂၃၀ ကျပ်အထိ ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ စက်သုံးဆီဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်းနှင့်ပတ်သက်ပြီး စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက "ဈေးတွေအတက်အကျဖြစ်နေတာက နိုင်ငံခြားဈေးအတက်အကျရယ်၊ ဒီဘက်က ဒေါ်လာဈေးအတက်အကျ အဲဒီနှစ်ခုပေါ်မှာပဲမူတည်ပါတယ်" ဟု ပြောသည်။

ယနေ့ ဇန်နဝါရီ ၁၉ ရက် ရန်ကုန်မြို့တွင်း စက်သုံးဆီဈေးနှုန်းများမှာ 92 တစ်လီတာ ၂၂၃၀ ကျပ်၊ 95 တစ်လီတာ ၂၃၁၀ ကျပ်၊ HSD (500 ppm) တစ်လီတာ ၂၄၂၀ ကျပ်၊ မန္တလေးမြို့တွင် 92 တစ်လီတာ ၂၂၈၀ ကျပ်၊ 95 တစ်လီတာ ၂၃၆၀ ကျပ်၊ HSD (500 ppm) တစ်လီတာ ၂၄၇၀ ကျပ်နှင့် နေပြည်တော်တွင် 92 တစ်လီတာ ၂၂၇၅ ကျပ်၊ 95 တစ်လီတာ ၂၃၅၅ ကျပ်၊ HSD (500 ppm) တစ်လီတာ ၂၄၆၅ ကျပ်တို့ဖြစ်ကြောင်း စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီ၏ထုတ်ပြန်ချက်အရသိရသည်။

ယနေ့(ဇန်နဝါရီ ၁၉ ရက်) စက်သုံးဆီဈေးနှုန်းများမှာ စင်ကာပူနိုင်ငံရှိ ရေနံနှင့်ရေနံထွက်ပစ္စည်းဈေးနှုန်းများအား ခန့်မှန်းပေးသည့် အေဂျင်စီ (MOPS)ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ကြောင်း အဆိုပါကော်မတီက ထုတ်ပြန်ထားသည်။

**Source:** https://t.me/sdtimedaily

## Saudi International Marine Exhibition ကျင်းပသွားမည်

ဆော်ဒီအာရေဗျနိုင်ငံ အရှေ့ပိုင်းပြည်နယ်တွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် Dhahran Expo Saudi တွင် ပါဝင်သည့် International Marine Exhibition သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြားထားသည်။ အဆိုပါပြပွဲသို့ ဝင်ရောက်ပြသခြင်းဖြင့် ဆော်ဒီအာရေဗျနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့အကြား ငါးမွေးမြူရေးလုပ်ငန်းနှင့် ပင်လယ်စာကဏ္ဍတို့၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးခိုင်မာစေရန် ထူးခြားသော စီးပွားရေးအခွင့်အလမ်းတစ်ခုဖြစ်ကြောင်းသိရသည်။ စီးပွားရေးလုပ်ငန်းရှင်အနေဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefain@myantrade.gov.mm ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**Source:** မြန်မာ့အလင်း

## STOCK EXCHANGE (19.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,4687 (Shares) | 36,319,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 596 | 5,125,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 3,386 | 11,173,800 | 38,929,150 | 128,466 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,008 |
| FPB | 00004 | 1,800 | -100 | -5.26% | 1,900 | 1,900 | 1,800 | 10,451 | 18,884,900 | 24,720,530 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 5 | 13,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +100 | +3.85% | 2,600 | 2,700 | 2,600 | 44 | 118,000 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 205 | 1,004,500 | 10,497,598 | 51,438 |

## Market summary

As of 19th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.69 | -0.27 | -0.07% | 387.96 | 387.96 | 386.54 | 14,687 | 36,319,800 | 7 | 674,431 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 19th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 1,4687 (Shares) | 36,319,800 (MMK) |

## Main Board

As of 1:00 pm, 19th Jan. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,4687 (Shares) | 36,319,800 (MMK) |

| MYANPIX | 387.69 ▼ 0.27 |
|---|---|
| Total Volume (shares) | 14,687 |
| Total Value (MMK) | 36 mil |
| Listed Company | 7 |
| Market Cap. (MMK) | 674,431 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,800 | ▼ 100 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 100 |
| AMATA | 00007 | 4,900 | ▲ 0 |